The Honorable Penny Wong

Minister for Foreign Affairs,

Parliament House,

Canberra ACT 2600

**နေ့စွဲ။ ။ ၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်**

**မြန်မာနိုင်ငံအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Penny Wong ထံသို့ အိတ်ဖွင့်ပေးစာ**

**Re:** မြန်မာ့အရေး လက်ရှိလမ်းကြောင်းကို အမြန်ဆုံး ပြောင်းလဲပြီး လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်သည်။

လေးစားအပ်ပါသော ဝန်ကြီး Penny Wong သို့

အောက်ဖော်ပြပါ လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့ မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်း ၆၈၈ ဖွဲ့က သင့်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရာထူးခန့်အပ်ခြင်းကို ကြိုဆိုထောက်ခံကြောင်းနှင့် အစိုးရအဖွဲ့တွင် ပါဝင်သည့်အခါ မြန်မာပြည်သူလူထုနှင့်အတူတကွ ခိုင်မာပြီး တည်တံ့သော ဆက်ဆံရေးဖော်ဆောင်ရန် သြစတြေးလျလုပ်သားပါတီ (Australian Labor Party) ၏ ကြိုးပမ်းအားထုတ်မှုကို အလေးထားအသိအမှတ်ပြုပါကြောင်း ဖော်ပြလိုပါသည်။ သြစတြေးလျအနေဖြင့် မြန်မာ့ဒီမိုကရေစီ အရေးအပေါ် တိုက်ရိုက်တိုက်ခိုက်မှုကို ဘေးမှရပ်ကြည့်မနေသင့်ကြောင်း သင်၏ ယခင် မှတ်ချက်များနှင့် သြစတြေးလျအစိုးရအနေဖြင့် မြန်မာ့ဒီမိုကရေစီအရေးအတွက် မားမားမတ်မတ် ရပ်တည်ပြီး ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ရန် သင်၏ တိုက်တွန်းတောင်းဆိုချက် ကိုလည်း ကျွန်ုပ်တို့ ဂရုပြုမိပါသည်။ အရှေ့တောင်အာရှရေးရာ အထူးသံတမန် ခန့်အပ်ရန်၊ အရှေ့တောင်အာရှဒေသတွင်းသို့ အကူအညီများ တိုးချဲ့ပေးပို့ရန်နှင့် "First Nations Foreign Policy" ကို အကောင်အထည်ဖော်ရန် သြစတြေးလျနိုင်ငံ အစိုးရ၏ ကြိုးစားအားထုတ်မှုကိုလည်း ကျွန်ုပ်တို့ အသိအမှတ်ပြုရပါသည်။

လက်ရှိ တရားမဝင်စစ်အုပ်စု၏ ထိတ်လန့်စိုးရွံ့ဖွယ်ရာ ခြိမ်းခြောက်မှုကို ခံနေရသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုများ၊ သက်မွေးဝမ်းကြောင်းရပ်တည်လုပ်ရှားမှုများနှင့် ထိရှပျက်စီးလွယ် ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူသားအားလုံးအတွက် လူ့အခွင့်အရေးများ ထိန်းသိမ်းကတိပြုသော

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်တစ်ခုအတွက် ကျွန်ုပ်တို့ ရုန်းကန်ကြိုးပမ်းနေကြသည့် ကျွန်ုပ်တို့၏ အသံများ၊ ရပ်တည်တောင်းဆိုချက်များကို သင်နားဝင်ကြားသိစေရန်အတွက် ယခုအိတ်ဖွင့်ပေးစာကို ရေးသားရခြင်း ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှုမှစတင်ပြီး တရားမဝင် စစ်အုပ်စုသည် နေရာအနှံ့မှ လူထုလူတန်းစား အရပ်ဘက်အင်အားစုအသီးသီးက ခုခံတော်လှန်ကြသည့် မြန်မာပြည်သူလူထုအပေါ် အကြမ်းဖက်စစ်ပွဲ ဆင်နွှဲလျက်ရှိပါသည်။ စစ်အုပ်စုသည် ပြည်သူလူထုအပေါ် တိုက်ခိုက်ခြင်းများနှင့် တရားလက်လွတ် ပစ်ခတ်တိုက်ခိုက်ခြင်းများအပါအဝင် လက်နက်ကိုင်တိုက်ပွဲပေါင်း ၁၀,၀၀၀ ကျော် ဆင်နွှဲခဲ့ပြီး ပြည်သူဦးရေ၂,၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရပြီး ဖြစ်သည်။ အာဏာသိမ်း ကြိုးပမ်းချိန်ကစပြီး နိုင်ငံတဝန်းစစ်အုပ်စု၏ သွေးအေးအေး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ မုဒိန်းကျင့်မှုများ၊ ကျေးရွာ အိုးအိမ်နှင့် စားနပ်ရိက္ခာများ မီးရှို့ဖျက်ဆီးမှုများကြောင့် ပြည်သူပေါင်း ၄၄၀,၀၀၀ ခန့်သည် အိုးပစ်အိမ်ပစ် ထွက်ပြေးရသည့် အဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလ အတွင်းမှာပင် စစ်ကိုင်းတိုင်းအတွင်းရှိ အိမ်ခြေပေါင်း ၅,၆၀၀ ကျော်ကို စစ်အုပ်စု တပ်သားများက မီးရှို့ဖျက်ဆီးခဲ့ကြသည်။ စစ်အုပ်စု၏ ရာဇဝတ်မှုများသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု မြောက်ပြီး၊ ဤရာဇဝတ်မှုများကို စစ်ကောင်စီသည် အပြစ်ပေး ဒဏ်ခတ် အရေးယူခံရခြင်း အလျဉ်းမရှိပဲ ကျူးလွန်ခွင့် ရနေပါသည်။

စစ်အုပ်စုက ဖျက်ဆီးခဲ့သဖြင့် နိုင်ငံ့စီးပွားရေးသည် ၃၀% ကျုံ့သွားခဲ့ပြီး စားနပ်ရိက္ခာမလုံခြုံမှု (မလုံလောက်မှု) ဆိုးဆိုးရွားရွားကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်။ စစ်အုပ်စုသည် ကြေးနန်း ဆက်သွယ်ရေးကို လက်နက်သဖွယ်အသုံးပြုခဲ့ပြီး နိုင်ငံ၏ နေရာအနှံ့အပြားတွင် အင်တာနက် ဖြတ်တောက်ခြင်း၊ သတင်းရင်းမြစ်များကို တားဆီးပိတ်ပင်ခြင်းနှင့် ပြည်သူများကို စောင့်ကြည့် ပစ်မှတ်ထားခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ဂျာနယ်လစ်များအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ နာမည်ဖျက်ခြင်း နှင့် အမုန်းစကားများ၊ သတင်းအမှားများ ဖြန့်ဝေခြင်းတို့ဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

အာဆီယံသည် စစ်အုပ်စုအကြမ်းဖက်မှုများတွင် ကြံရာပါ ပါဝင်ပတ်သက်နေပါသည်။ စစ်အာဏာ သိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ အာဆီယံသည် မြန်မာပြည်သူလူထု၏ အသံများကို လျစ်လျူရှုခဲ့ပြီး စစ်အုပ်စု တရားဝင်ဖြစ်ရေးကို ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ အာဆီယံ၏ အောင်မြင်မှုမရှိသော

ဘုံသဘောတူညီချက် ငါးချက်သည် တရားမဝင် စစ်အုပ်စု တစ်ဖွဲ့တည်းနှင့်သာ ဆွေးနွေး သဘောတူညီခဲ့ကြခြင်း ဖြစ်သည့်အပြင်၊ ယင်းတို့ကို အကောင်အထည်ဖော်ရန် ဂတိကဝတ် များကိုလည်း စစ်အုပ်စုဖက်က ပျက်ကွက်ခဲ့သည်။အာဆီယံသည် အစည်းအဝေးပွဲများ၊ အခမ်းအနားများ၊ စစ်ရေးလေ့ကျင့်မှုများသို့ စစ်အုပ်စုကို ထပ်ကာတလဲလဲ ဖိတ်ကြား တက်ရောက်စေခဲ့သည်။ ထို့အပြင် စစ်ရာဇဝတ်ကောင်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့နှင့် ထိတွေ့ ဆက်ဆံနိုင်စေရန် အာဆီယံက အကာအကွယ်ပေးခဲ့ပြီး၊ ယင်းသည် ဩစတြေးလျနိုင်ငံ၏ အမည်ကို အလွဲသုံးစားပြု၍ ရာဇဝတ်မှုများ ပြုလုပ်နိုင်ရန်အတွက် စစ်အုပ်စုအား ပိုမိုအတင့်ရဲစေခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးသံတမန်သည်လည်း တရားမဝင် စစ်အုပ်စု၏ သဘောဆန္ဒအပေါ် နာခံလိုက်လျောလျက် ရှိပြီး မြန်မာနိုင်ငံ၏ တရားဝင် အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန် ပျက်ကွက်လျက်ရှိပါသည်။

အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပူးပေါင်းဆောင်ရွက်ရေး စင်တာ (AHA Centre) သည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအခြေအနေများအတွက် အစိုးရအချင်းချင်းကြား စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဩစတြေးလျ နိုင်ငံသားများ၏ အခွန်ဘဏ္ဍာငွေများဖြင့် ပံ့ပိုးထားသည်။ AHA စင်တာ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေပေးရန် ပင်မမိတ်ဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် စစ်အုပ်စုသည် လက်ရှိပဋိပက္ခတွင် အဓိကရန်လိုသူ၊ ပြစ်မှုကျူးလွန်သူ ဖြစ်နေသည့်အတွက် လက်ရှိအခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်မရှိပါ။ ၎င်းသည် စစ်အုပ်စုအား လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်နက်သဖွယ် အသုံးပြုခွင့် ပေးခြင်းဖြင့် ပြည်သူလူထု အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ခြင်း ဖြစ်စေသော အကြမ်းဖက်မှုများ၏ အဓိက ကျူးလွန်သူဖြစ်သည့် စစ်အုပ်စုကို တရားဝင်မှု သာမက နည်းဗျူဟာအရ၊ နိုင်ငံရေးအရ အခွင့်အရေး ပေးရာရောက်ပြီး မြန်မာနိုင်ငံရှိ အကျပ်အတည်းကို ပိုမိုဆိုးရွား လာစေပါသည်။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ တစ်ခုချင်းစီနှင့် သီးခြားတွေ့ဆုံပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန် ပျက်ကွက်သည့် AHA စင်တာ ၏ သွေးခွဲဆက်ဆံသော ချဉ်းကပ်မှုပုံစံကို ကျွန်ုပ်တို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ကန့်ကွက်ပယ်ချပါသည်။

မော်ရစ်ဆင်အစိုးရသည် ဩစတြေးလျနိုင်ငံ၏ စံနှုန်းများနှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို လေးစားလိုက်နာကျင့်သုံးရန် ပျက်ကွက်ခဲ့သည်မှာ ရှက်ဖွယ်ရာအတိဖြစ်သည်။ သင်၏ရှေ့ယခင်ဝန်ကြီးသည် မြန်မာစစ်အုပ်စုကို ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်၊ တာဝန်ခံမှုအတွက် နိုင်ငံတကာကြိုးပမ်းမှုတွင် ပူးပေါင်းပါဝင်ရန်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို တရားဝင်အစိုးရအဖြစ်နှင့် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို မြန်မာနိုင်ငံ၏ အမြင့်ဆုံးအတိုင်ပင်ခံအဖွဲ့အစည်း အဖြစ် အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။ ထို့အပြင် မင်းအောင်လှိုင်အပါအဝင် စစ်အုပ်စုကို နှစ်နိုင်ငံနှင့်နိုင်ငံစုံ ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် တရားဝင်အသိအမှတ်ပြုသည့် လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နေပါသည်။ ဩစတြေးလျနိုင်ငံ၏ Future Fund သည် မြန်မာစစ်အုပ်စုကို စစ်လက်နက်နှင့် အမြတ်အစွန်းများ ပေးနေသည့် စီးပွားရေး လုပ်ငန်းများတွင် ဆက်လက် ရင်းနှီးမြုပ်နှံထားရှိသည်။ မြန်မာနိုင်ငံကို ခြေမှုန်းဖျက်စီးနေသည့် စီးပွားရေးလုပ်ငန်းများမှ အမြတ်ထုတ်နေခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ဩစတြေးလျနိုင်ငံ၏ မြန်မာ့အရေးအတွက် လက်ရှိ ဦးတည်ရာလမ်းကြောင်း ပြောင်းလဲပါရန် သင့်အား ကျွန်ုပ်တို့က လေးလေးနက်နက် မေတ္တာရပ်ခံရပါသည်။

၁။ မြန်မာအာဏာသိမ်းစစ်အုပ်စု၊ ၎င်း၏စီးပွားရေးလုပ်ငန်းများနှင့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ရှိသူအားလုံးကို ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ်ပေးရန်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ အနေဖြင့် လည်းကောင်း၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အား အမြင့်ဆုံး အတိုင်ပင်ခံ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း အသိအမှတ်ပြု ထောက်ခံအားပေးရန်။

၃။ တရားမဝင်စစ်အုပ်စု၏ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ခန့်အပ်မှုကို ပယ်ချပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ သံအမတ် ခန့်အပ်မှုကို လက်ခံပေးရန်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားအတိုင်ပင်ခံကောင်စီ (NUCC) နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs) များနှင့် တိုင်ပင်၍ ယုံကြည်စိတ်ချရသော ပြည်တွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများမှ

တစ်ဆင့် သြစတြေးလျနိုင်ငံက ပေးအပ်သော အကူအညီများကို နယ်စပ်ဖြတ်ကျော် ဖြန့်ဝေပေးခြင်းဖြင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းအတွက် ပံ့ပိုးကူညီမှုများ ပိုမို ပြုလုပ်ရန်။

၅။ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှု အပြည့်အဝ ရရှိရန် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံအပေါ် တရားစွဲထားသည့်အမှုတွင် ပါဝင်ဆောင်ရွက်ရန်။

၆။ စစ်အုပ်စုအတွက် ဝင်ငွေရင်းမြစ်ဖြစ်သည့်အပြင် တိုင်းရင်းသားလူမျိုးစု အသိုင်းအဝန်းများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြိမ်းခြောက်နေသည့် သတ္တုတွင်းထွက်များ ရှာဖွေခြင်းနှင့် တူးဖော် ခြင်းများကို သြစတြေးလျ သတ္တုတွင်းကုမ္ပဏီများက ဆက်လက် လုပ်ဆောင်ခြင်းမှ တားဆီးအရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။

၇။ မြန်မာအာဏာသိမ်းစစ်အုပ်စု၊ ၎င်း၏ခရိုနီများနှင့် စီးပွားရေးလုပ်ငန်းလုပ်ခြင်းမှ ရှောင်ရှားနိုင်ရန် သြစတြေးလျစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အကြံပေးတစ်ဦး ထားရှိခန့်အပ်ရန်။

၈။ အာဏာသိမ်းစစ်အုပ်စုကို စစ်လက်နက်နှင့် ဝင်ငွေအမြတ်အစွန်းများ ပံ့ပိုးပေးနေသည့် စီးပွားရေးလုပ်ငန်းများအားလုံးမှ Future Fund ၏ ရင်းနှီးမြှုပ်နှံမှု ရပ်ဆိုင်းစေရန်။

၉။ မြန်မာအာဏာသိမ်းစစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ဆို့အရေးယူမှု ချမှတ်ရေးနှင့် မြန်မာနိုင်ငံအခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပြောင်းပေးရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုက်တွန်းရန်။

၁၀။ မြန်မာ့အရေးအား အရေးယူရန်ပျက်ကွက်မှုအပေါ် အာဆီယံ၏ နောက်ကွယ်တွင် ဆင်ခြေပေး ပုန်းကွယ်နေခြင်းကို ရပ်တန့်ရန်။

၁၁။ မြန်မာအာဏာသိမ်းစစ်အုပ်စုကို အစည်းအဝေးများ၊ အစီအစဉ်များနှင့် စစ်ရေးလေ့ကျင့်မှုများ အားလုံးမှ ဖယ်ထုတ်ရေး၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကို အသိအမှတ်ပြုရေး၊ စစ်အုပ်စု ကိုယ်စားလှယ်များ

တက်ရောက်မည့် အစည်းအဝေးပွဲများအားလုံး ဆန့်ကျင် သပိတ်မှောက်ရေး အာဆီယံကို တိုက်တွန်းရန်။

၁၂။ မြန်မာပြည်အကျပ်အတည်းအတွက် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အခြေခံမူများကို လိုက်နာသည့် တာရှည်ခံ၍ ခိုင်မြဲသော အစားထိုးအဖြေကို ရှာဖွေရန် ဘုံသဘောတူညီချက် ငါးချက်ကို ကျော်လွန်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အတူလက်တွဲ အလုပ်လုပ်ရန်။

၁၃။ [မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အတိုင်ပင်ခံ အစည်းအဝေး]တွင် ချမှတ်ပြီး ဖြစ်သော အာဏာသိမ်းစစ်အုပ်စုကို အကူအညီများ ဖြန့်ဝေပေးရေးတွင် ထိန်းချုပ်ခွင့်ပေးသည့် ဆုံးဖြတ်ချက်ကို ပြန်လည် ရုတ်သိမ်းရေး အာဆီယံအားတိုက်တွန်းရန်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် အာဆီယံ၏ ပူးပေါင်း ဆောင်ရွက်ရေးစင်တာ (AHA Centre)၏ သွေးခွဲဆက်ဆံသည့် ချဉ်းကပ်ပုံကို ရပ်တန့်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (EROs)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အားလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှုကို စတင်ရန်။ ဤအချက်များအား အာဆီယံက လုပ်ဆောင်ရန် ပျက်ကွက်ပါက မြန်မာ့အရေး အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေး စင်တာ (AHA Centre) ကို ပေးအပ်လျက်ရှိသော အကူအညီနှင့် နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့များ ရပ်ဆိုင်းရန်။

၁၄။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ဖြေရှင်းရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက် ကုလသမဂ္ဂနှင့် အာဆီယံ ပူးပေါင်းဆောင်ရွက် နိုင်ရေး အာဆီယံအထူးသံတမန်၊ ကုလသမဂ္ဂအထူးသံတမန်တို့နှင့် ထိတွေ့ဆက်ဆံနိုင်ရန် ဩစတြေးလျနိုင်ငံ၏ အရှေ့တောင်အာရှဆိုင်ရာ အထူးသံတမန် တာဝန်ပေး ခန့်အပ်ရန်။

၁၅။ Quad အဖွဲ့ဝင် ဂျပန်နှင့် အိန္ဒိယတို့က စစ်အုပ်စုနှင့် စီးပွားရေးလုပ်ကိုင်နေမှုကို ချက်ချင်း ရပ်တန့်ရေး၊ လက်နက်ရောင်းချမှု ပိတ်ဆို့ရေးနှင့် စစ်အုပ်စုအတွက် စစ်ရေးပံ့ပိုးမှု အားလုံးကို အဆုံးသတ်ရေး တိုက်တွန်းရန်။ Quad သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို တရားဝင် အစိုးရအဖြစ်နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို မြန်မာနိုင်ငံ၏ အမြင့်ဆုံးအတိုင်ပင်ခံအဖွဲ့အဖြစ် အသိအမှတ်ပြုထောက်ခံရန်။

## ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်

- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- James Thangman, Ethnic Myanmar Communities' Council of Australia, zotmtuang@gmail.com
- Salai Za Uk Ling၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ zauk@chinhumanrights.org

## လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများ

လက်မှတ်ရေးထိုးထားသောအဖွဲ့အစည်းများတွင် အောက်ပါအမည်ဖော်ပြထားသည့် မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၂၉၈ ဖွဲ့နှင့် အမည်မဖော်ပြလိုသော မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်း ၃၉၀ ဖွဲ့တို့ပါဝင်သည်။

1. 8888 Generation (New Zealand)
2. Active Youths (Kalay Myo)
3. Ah Nah podcast- conversation with Myanmar
4. Ah. La. Ka (12) Hta Khwe. Primary Education Student Union
5. All Burma Democratic Face in New Zealand
6. All Burma Federation of Trade Unions-ABFTU
7. All Burma Indigenous People Alliance (APIBA)
8. All Religions Strike Column
9. All Sagaing Township Basic Education Students' Union
10. All Schools of Aungmyaythazan Township Strike
11. Alternative Solutions for Rural Communities (ASORCOM)
12. ALTSEAN-Burma
13. Anti-Junta Forces Coordination Committee (AFCC)
14. Arakan CSO Network
15. Arakan Humanitarian Coordination Team-AHCT
16. Asia Justice and Rights (AJAR)
17. Association for Human Rights Defenders and Promoters
18. Athan - Freedom of Expression Activist Organization
19. Auckland Kachin Community NZ

20. Auckland Zomi Community
21. Aung Myay Thar Zan Education School
22. Aung Myay Tharzan Basic Education Students' Union-ABFSU
23. Aung Pin Lae Main Strike Column
24. Australia Chin Communities' Council Inc.
25. Australia Karen Organization (AKO)
26. Australian Burmese Muslim Organization
27. Australian Burmese Rohingya Organization (ABRO)
28. Ayeyarwaddy Youth Network
29. Bago Basic Education Students' Union
30. Bago MATA
31. Bago Women Group
32. Bank Trade Unions Federation of Myanmar - BTUFM
33. BEHS-1, Hpa-An Basic Education Students' Union
34. BEHS-1, Mandalay Basic Education Students' Union-ABFSU
35. BEHS-11, Aungmyethazan Basic Education Students' Union-ABFSU
36. BEHS-24, Mahaaungmyay Basic Education Students' Union-ABFSU
37. BEHS-4, Mandalay Basic Education Students' Union-ABFSU
38. BEHS-8, Aungmyethazan Basic Education Students' Union-ABFSU
39. Blood Money Campaign
40. Burma Action Ireland
41. Burma Environmental Working Group
42. Burma River Network
43. Burma suomalaiset, Finland
44. Burmese American Millennials
45. Burmese Canadian Network
46. Burmese Community Group (Manawatu, NZ)
47. Burmese Community in France
48. Burmese Rohingya Welfare Organisation New Zealand
49. Burmese Women’s Union
50. Campaign for a New Myanmar
51. CDM Support Team Mandalay
52. Chan Mya Thar Si Township People Strike Column
53. Chanayetharsan Basic Education Students' Union
54. Check us for Safety (Ahlone)
55. Chin Community of Auckland
56. Chin Human Right Organization (CHRO)
57. Chin Leaders
58. Chin MATA
59. Chin Resources Center
60. Citizen of Burma Award - New Zealand
61. Coalition of Mandalay Engineers
62. Columns Coordination Committee
63. Committee Representing Mandalay Region Hluttaw
64. Cooperative University Student Strike Column
65. CRPH & NUG Supporters Ireland
66. CRPH Funding Ireland
67. Daik-U Basic Education Students' Union
68. Daung Sit Thi

69. Dawei Basic Education Students' Union
70. Dawei Development Association
71. Delta News Agency
72. Democracy for Ethnic Minorities Organization
73. Democracy for Myanmar - Working Group (NZ)
74. Democratic Youth Council
75. Demoso Basic Education Students' Union
76. Dhanu Youth Organization
77. Doh Atu - Ensemble pour le Myanmar
78. Education Family (Anti - Fascists Education Strike)
79. Educational Initiatives Prague
80. Equality Myanmar
81. Ethnic Myanmar Communities' Council of Australia
82. Ethnic Youth General Strike Committee (Mandalay)
83. Family Private School Basic Education Students' Union-ABFSU
84. Federal Myanmar Benevolence Group (NZ)
85. Federal Trade Union of Kawthoolei (FTUK)
86. Free Rohingya Coalition
87. Freedom for Burma
88. Future Light Center
89. Future Thanlwin
90. Generation Wave
91. Global Movement for Myanmar Democracy (GM4MD)
92. Helping Hands for Burma (H2B)
93. Hinthada Basic Education Students' Union-ABFSU
94. Hlaing Thar Yar Basic Education Students' Union
95. Hopin Basic Education Students' Union
96. HTY Scout Channel
97. Human Rights Educators Network
98. Human Rights Foundation of Monland
99. Information & Scout News (Hlaing)
100. Insein Scout Channel
101. Inter-Faith Strike Column
102. Interfaith Youth Coalition on Aids in Myanmar (IYCA-Myanmar)
103. International Association, Myanmar-Switzerland (IAMS)
104. Justice For Myanmar
105. Kachin State Women Network
106. Kachin Women's Association Thailand
107. Kachin Women's Union
108. Kadu Youth Development Association (KYDA)
109. Kamayut Scout Channel
110. Karen Environment and Social Action Network (KESAN)
111. Karen Human Rights Group
112. Karen Office of Relief and Development (KORD)
113. Karen Rivers Watch
114. Karen Student Network Group (KSNG)
115. Karen Women's Organization
116. Karen Youth Organization (KYO)
117. Karenni Civil Society Network

118. Karenni Community Geelong
119. Karenni Human Rights Group
120. Karenni National Women's Organization
121. Karenni Society Finland
122. Karenni Society New Zealand
123. Katha Basic Education Students' Union
124. Kayah Liphu Youth (KLY)
125. Kayan Internally Displacement Supervising Committee (KIDSC)
126. Keng Tung Youth
127. Kyaikhto Basic Education Students' Union – KBESU
128. Kyaikhto Students' Union - KSU
129. Kyaukse Basic Education Students' Union
130. Kyaukse University Interim Administrative Council
131. Kyauktada Strike Committee (KSC)
132. Kyause University Students' Union
133. Kyimyindaing Scout Channel
134. Labor Union Federation
135. Labutta Basic Education Students' Union-ABFSU
136. Langkho Basic Education Students' Union
137. Lanmadaw,Latha & Pabedan Scout Channel
138. Lashio Basic Education Students' Union
139. Launglon Basic Education Students' Union
140. League of Labour Union
141. Let's Help Each Other
142. Letpadan Basic Education Students' Union-ABFSU
143. LGBT Union Mandalay (LGBTIQ Strike of Mandalay)
144. Maha Aung Myay Township People Collective Strike Column
145. Mahaaungmyay Township People Strike
146. Mandalar College Students Strike
147. Mandalar University Student Strike Column
148. Mandalar University Student Union (Mandalay Poets' Union)
149. Mandalar University Students Union
150. Mandalay Alliance Coalition Strike
151. Mandalay Based People Strike Column
152. Mandalay Civil Society Organization
153. Mandalay Engineer United Force
154. Mandalay Engineers Group
155. Mandalay People Strike
156. Mandalay Poets' Union
157. Mandalay Private Universities Students Union
158. Mandalay Technology University (MTU) Students Union
159. Mandalay Universities, Degree and College Teachers and Staffs Strike
160. Mandalay University Alumni Strike
161. Mandalay University of Foreign Languages Students Union
162. Mandalay Wholesale Centers Strike
163. Mandalay Wholesale Strike Column
164. Mandalay Women Strike
165. Mandalay Youth Association
166. Mandalay Youth Strike Column

167. Mawkmai Basic Education Students' Union
168. Mawlamyine Basic Education Students' Union
169. Mayangone News
170. Medical Family Mandalay (MFM)
171. Medical University (Mandalay) Student Union
172. Meikhtila Basic Education Students' Union-ABFSU
173. Metta Campaign Mandalay
174. Midwives Training School (Mandalay) Students’ Union
175. MIIT Student Strike Column
176. Minbu Basic Education Students' Union-ABFSU
177. Minhla Youth Center
178. Mogaung Basic Education Students' Union
179. Mohnyin Basic Education Students' Union
180. Monywa Basic Education Students' Union - ABFSU
181. Mudon Basic Education Students' Union
182. Muslim Youth Network
183. Muslim Youth Union
184. Mya Taung Strike Column
185. Myanmar Alliance for Transparency and Accountability
186. Myanmar Canadian Network
187. Myanmar Diaspora Group Finland
188. Myanmar Emergency Fund - Canada
189. Myanmar Engineers - New Zealand
190. Myanmar Gonye (New Zealand)
191. Myanmar Institute of Information Technology Students’ Union
192. Myanmar Labour News
193. Myanmar People Alliance (Shan State)
194. Myanmar People from Ireland
195. Myanmar Railway, Region (3) CDM Strike Column
196. Myanmar Students' Union in New Zealand
197. National Support Team (NST)
198. National University of Arts and Culture (Mandalay) Students’ Union
199. Network for Human Rights Documentation Burma (ND-Burma)
200. New Zealand Doctors for NUG
201. New Zealand Karen Association
202. New Zealand Zo Community Inc.
203. No (12) Basic Education Middle School Student Union
204. No (7) Basic Education High School Alumni Strike
205. No.12 Basic Education Middle School (High Branch) Basic Education Students' Union
206. NOK Information & Scout Echo
207. North Dagon & East Dagon News
208. NRFF - New Rehmonnya Federated Force
209. Nursing Training School Students Union (Mandalay)
210. Nyaunglebin Basic Education Students' Union
211. Overseas Mon Association - New Zealand
212. Oway Institute
213. Padaung Basic Education Students' Union-ABFSU
214. Pan Pa Wati People Strike Column
215. Pa-O Youth Organization

216. Paramedical Technical University (Mandalay) Student Union
217. PEC Private School Basic Education Students' Union
218. Pharmacy University (Mandalay) Students’ Union
219. Phayagyi Peace Strike Column
220. Private pre-school Teachers’ Association
221. Progressive Voice
222. Pyay Basic Education Students' Union-ABFSU
223. Pyigyidagon Strike
224. Pyin Nyar Nan Daw Private School Basic Education Students' Union
225. Pyin Oo Lwin Basic Education Students' Union
226. Pyinmana Basic Education Students' Union-ABFSU
227. Pyithu Gonye (New Zealand)
228. Reliable Organization
229. Rvwang Community Association New Zealand
230. Sagaing MATA
231. Sangha Samaga Strike Column
232. Sangha Union Strike
233. Save and Care Organization for Women at Ethnic Border Areas
234. Save Myanmar Fundraising Group (New Zealand)
235. Save the Salween Network
236. Sein Pan Strike Column
237. Shan Community (New Zealand)
238. Shan MATA
239. Sintgaing Basic Education Students' Union
240. Sisters 2 Sisters
241. Sitt Nyein Pann Foundation
242. Social Garden
243. SOS MYANMAR (ရုန်းကန်သံအဖွဲ့)
244. South Dagon Scouting Infos (SDG)
245. Southern Youth Development Organization
246. Strike Column of Representatives of Arbitrarily Arrested People
247. Strike Column of Teachers from Universities and Degree Colleges of Mandalay
248. Students for Free Burma (SFB)
249. Support Group for Democracy in Myanmar (the Netherlands)
250. Swedish Myanmar Supporting Community
251. Synergy - Social Harmony Organization
252. Ta’ang Women’s Organization
253. Taekwando Sport Association
254. Taekwondo Federation
255. Taiwan Alliance for Myanmar
256. Tampawadi People Strike
257. Tamwe Nway Oo Channel
258. Tanintharyi Nationalities Congress
259. Tanitharyi MATA
260. Taunggyi Basic Education Students' Union
261. Technical University (Mandalay) Student Union
262. Technological University (Yadanabon Cyber City) Students’ Union
263. Technological University Mandalay (TUM) Students Union

264. Tha Pyay Nyo Newsletter
265. Thaketa & Dawbon Scout Channel
266. Thaton Basic Education Students' Union
267. Thint Myart Lo Thu Myar Organization
268. Traditional Medicine (Mandalay) Students’ Union
269. Union of Karenni State Youth
270. University of Computer (Mandalay) Students’ Union
271. University of Computer Studies (Mandalay) Students’ Union
272. University of Dental Medicine (Mandalay) Students’ Union
273. University of Medicine (Mandalay) Students’ Union
274. University of Nursing (Mandalay) Students’ Union
275. University of Pharmacy (Mandalay) Students’ Union
276. University of Traditional Medicine (Mandalay) Students’ Union
277. US Advocacy Coalition for Myanmar (USACM)
278. VEC Private School Basic Education Students' Union
279. Way Way Nay
280. Wetlet Basic Education Students' Union-ABFSU
281. Women’s League of Burma
282. Wundwin Basic Education Students' Union-ABFSU
283. Yadanabon University Students’ Union
284. Yadanapone University Student Union (Ya. Ta. Ka. Tha)
285. Yangon Revolution Force - YRF (Soft Strike Community)
286. Yedashe Basic Education Students' Union-ABFSU
287. Youth Poets’ Union
288. Youth Scout For Democracy (YSD)
289. Youths Union
290. Youths Union - Pathein
291. Z Fighter News
292. Zabuthiri Basic Education Students' Union-ABFSU
293. Zeegwat News
294. Zo Community Australia Inc.
295. တော်လှန်သွေးမကုန် တောင်ဒဂုံသပိတ်အင်အားစု
296. ဒို့မြေကွန်ရက်(LIOH)
297. ပွင့်ဖြူလယ်ယာမြေကွန်ရက်
298. မျိုးဆက်-Generations